# ဝိညာဉ်အာဟာရ

စာစောင်

အောက်တိုဘာလ၊ ၂၀၂၂ 　　 အတွဲ–၁၊ အမှတ်စဉ်–၃





One Day for Jesus (ထန်းတပင်မြို့နယ်)
ထန်းတပင်မြို့၌ တစ်ရက်တာ ဝေစာဝေခြင်းအားဖြင့် ပါဝင်ဆက်ကပ်ကြသူများ

## ဧဝံဂေလိတရား၏အကျိုးကျေးဇူး

(စာမျက်နှာ – ၂ သို့ )

## ဘုရားသခင်၏သားတော်နှင့်ဆုတောင်းခြင်း

(စာမျက်နှာ – ၈ သို့ )

## ထံတော်သို့ ဆုတောင်းပဌနာ [၃]

(စာမျက်နှာ – ၁၁ သို့ )

## ချီးမွမ်းခြင်းများ နှင့် ဆုတောင်းချက်များ

(စာမျက်နှာ – ၈ သို့ )

## အာသနားခံခြင်း၏အခြေခံသဘောတရား

(စာမျက်နှာ – ၁၂ သို့ )





## အယ်ဒီတာအာဘော်

ယနေ့ခေတ်ကာလတွင် ရွေးချယ်စရာများစွာရှိလာသည် သင်သည်ထိုရွေးချယ်စရာများထဲမှ ဘုရားသခင်နှစ်သက်သော ရွေးချယ်ခြင်းကို ပြုလုပ်ရန်အထူးသတိပြုရပေမည်။ (ဒံယေလအနာဂတ္တိကျမ်း၊ ၁:၈)၌ "ဒံယေလမူကား၊ ပွဲတော်မှ ကြွင်းသောအစာနှင့်သောက်တော်မူသောစပျစ်ရည်ကိုမသောက်မစားဘဲ၊ ညစ်ညူးခြင်းကို ရှောင်မည်ဟု အကြံရှိ၍ မိမိကိုမညစ်ညူးစေမည်အကြောင်း၊ မိန်းမစိုးအုပ်ကို အခွင့်တောင်း၏။" ဒံယေလ၏ရွေးချယ်ခြင်းဖြစ်သည်။ မိမိအသက်တာကို ဘုရားနှင့်ဝေးစေမဲ့အရာ၊ ဘုရားမနှစ်သက်သောအပြုအမူများကို ရှောင်ရန် ယနေ့နူတ်ကပတ်တော်သည် သတိပေးနေသည်။ ဒံယေလသည် အစားအသောက်ကအစ ညစ်ညူးခြင်းမရှိစေရန်၊ ဘုရားသခင်ရှေ့၌ သန့်ရှင်းသောအသက်တာရှိနေရန်၊ မိမိကိုယ်ကိုကိုယ်ပြင်ဆင်လျက်ရှိသည်။ ထိုရွေးချယ်မှုကြောင့် လွယ်ကူစွာနှင့်အောင်မြင်မည်တော့မဟုတ်ပေ၊ ဤသို့ရွေးချယ်ခြင်းသည် အများနှင့်တစ်ယောက်ကဲ့သို့ ရွေးချယ်ရခြင်းဖြစ်သည် အများလုပ်ဆောင်နေသောအရာကို မလုပ်ဟု တစ်ယောက်တည်း တသီးတခြားလုပ်ဆောင်ကဲ့သို့ဖြစ်သည်။ ထိုအတွက် စိန်ခေါ်မှု (၁၀)ရက် ဒံယေလပြုလုပ်ခဲ့သည်။ ဘုရားသခင်မနှစ်သက်သောအစားအသောက်ကို ရှောင်၍ မိမိကိုယ်ကို ညစ်ညူးခြင်းမရှိစေရန်ရှောင်သောကြောင့် ဘုရားသခင်ထံမှ ကောင်းကြီးများသည် ဒံယေလနှင့်သူ၏သူငယ်ချင်းများအပေါ်သက်ရောက်လာသည်။

ယနေ့ဆင်ခြင်သတိပြုပါ တချို့လောကရေးရာများသည် ယုံကြည်သူများအတွက် ဝေခွဲရခက်စေသော အတွေးအမြင်များစွာရှိနေပေသည်။ ထိုအထဲ၌ ကျွန်ုပ်တို့၏ ရွေးချယ်ခြင်းသည် ဘုရားသခင်အလိုဆောင်သော ရွေးချယ်ခြင်းဖြစ်ရန် လိုအပ်သည်။ မိမိအသက်တာသည် ဘုရားသခင်နှစ်သက်သော စားသောက်ခြင်း၊ နေထိုင်ခြင်း၊ ပြောဆိုခြင်း၊ သွားလာခြင်းများ စသည့်အပြုအမူများကို ဆင်ခြင်သတိပြုပါ၊ ရောမရောက်ရောမလိုကျင့်ဆိုသောစကားသည် ယုံကြည်သူများအတွက် အတိအကျမမှန်ပေ၊ ထိုအတွက် ဒံယေလကဲ့သို့ စိန်ခေါ်မှုနှင့် ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေသောအသက်တာဖြင့် အသက်ရှင်ပါ။

## ဧဝံဂေလိတရား၏အကျိုးကျေးဇူး

လောကလူသားများအတွက် ဘုရားသခင်၏အစီအစဉ်အရ သခင်ယေရှု၏ဟောထားချက် ဧဝံဂေလိတရားသည် လူသားတို့အတွက် အကျိုးနည်းစေသော၊ မျှော်လင့်ချက်ကင်းမဲ့ စေသောအရာမဟုတ်ဘဲ ဘုရားသခင်၏လူသားများအပေါ်ထားရှိခြင်း၏မေတ္တာ၊ ဂရုဏာနှင့် သခင်ယေရှု၏ကျေးဇူး တရားသည် ကြီးမားလှစွာသောရေတွက်၍ မကုန်နိုင်သော အကျိုးကျေးဇူးကြီးမားကြောင်း တွေ့ရှိရပါသည်။ ၎င်းတို့မှာ မျှော်လင့်ချက်မရှိစေတော့သည် လူ့ဘဝကို ကြီးမားသောသေခြင်း ၎င်းအပေါ် ကျွန်ုပ်တို့ဘက်မှ ပြန်လည်၍ တုန့်ပြန်ရမည်နှင့် အပြစ်ငရဲမှ လွတ်မြောက်ရန် ဘုရားထံ ပဌနာပြုဖို့စသည်အကြောင်းအရာများကိုတွေ့ရပါသည်။ သို့ဖြစ်ပါ၍ အနည်းငယ်မျှသော အချက်များကို ခွဲခြား၍ ဝေမျှပေးချင်ပါသည်။

<u>၁။ ကျွန်ုပ်တို့ဘဝအတွက် ဘုရားသခင်၏ရည်ရွယ်ချက်</u>
<u>၁ယော၊ ၅း၁၃</u>

- ဘုရားသခင်၏သားတော်ကို ယုံကြည်သော သင်တို့သည် ထာဝရအသက်ကို ကိုယ်တိုင်ရသည်ဟု သိစေခြင်းငှါ၊ ကျန်အရာများကို သင် တို့အား ငါရေး၍ပေးလိုက်၏။
- ဘုရားသခင်သည်ည် ၎င်းဖန်ဆင်းထား သော လူသားများကို ချစ်သောကြောင့် မည်ကဲ့သို့ပင် သူ၏စကားကို နားမထောင်ပုန်ကန်ဆန့်ကျင်သော်လည်း ထာဝရအ သက် အာမခံချက်ပေးလိုကြောင်း ဖော်ပြ ထားသည်။

<u>ဘုရားပေးသော ထာဝရအသက်နှစ်မျိုးရှိသည်။</u>
<u>(က)ယော၊၁၇း၃</u>

- ထာဝရအသက်ဟူမူကားမှန်သောဘုရားသခင်တစ်ဆူတည်းဖြစ်တော်မူသော ကိုယ်တော်ကိုင်း စေလွှတ်တော်မူသောယေရှုခရစ်ကို သိကျွမ်းခြင်းပေတည်း။
- ကျွန်ုပ်တို့ ဤလောတွင် အသက်ရှင်ခွင့်ရသည့်အချိန်မှာ ထာဝရအသက်ဖြစ်သော မှန်သောဘုရားတစ်ဆူတည်းရှိကြောင်းနှင့် စေလွှတ်တော်မူသော ယေရှုခရစ်တော်ကို သိကျွမ်းခြင်းရှိပြီး ကျွန်ုပ်တို့၏စိတ်နှလုံးထဲ၌ ဘုရား၏ ငြိမ်သက်ခြင်းကို ရရှိခံစားရရှိခြင်းဖြစ်သည်။

<u>(ခ) ယော၊ ၁၄း၁၃</u>

- တဖန်တုံ ယေရှုက သင်တို့စိတ်နှလုံးပူပန်ခြင်းမရှိစေနှင့် ဘုရားသခင်ကို ယုံကြည်ကြလော့။ ငါကိုလည်း ယုံကြည်ကြလော့။ . . . ငါသည်သွား၍ သင်တို့နေစရာအရပ်ကို ပြင်ဆင်ပြီးမှ တဖန်လာပြန်၍ ငါရှိရာအရပ်၌ သင်ရှိစေခြင်းငှါ သင်တို့ကို ငါထံသို့သိမ်းဆည်းမည်။

လောကယာယီထဲတွင် နေထိုင်ပြီး သေလွန်သွားသောအခါတွင်လည်း ဆုံးရှုံးခြင်းသို့ မရောက်ဘဲ ကောင်းကင်

(စာမျက်နှာ - ၅ သို့ ...>>)

# အိမ်တိုင်ရာရောက်ခရစ်တော်၏သာသနာပြုအဖွဲ့ လှုပ်ရှားမှုဓာတ်ပုံများ

## ဧဝံဂေလိဝေစာဝေငှခြင်း





## ကျမ်းစာသင်တန်းပြုလုပ်ခြင်း





## ရေနှစ်ခြင်းမင်္ဂလာခံယူခြင်း





# အိမ်တိုင်ရာရောက်ခရစ်တော်၏သာသနာပြုအဖွဲ့ လှုပ်ရှားမှုဓာတ်ပုံများ

## စေတနာ့အမှုတော်ဆောင်များပါဝင်ဆက်ကပ်ခြင်း






## တပည့်တော်စုအသစ်များ




ဘုံတွင် ကျွန်ုပ်တို့အတွက် နေစရာအရပ်အိမ်၊ အခန်းများကို ပြင်ဆင်ထားပြီး ထာဝရကာလတွင် ၎င်းနှင့်အတူရှိနေစေရန် အတွက်နှင့် စိုးစံခြင်းအခွင့်ကိုပါပေးရန် လာရောက်သိမ်း ဆည်းမည်ဟု ကတိပြုထားသည်ကိုတွေ့ရပေမည်။ ကျွန်ုပ် တို့ အပေါ် ဘုရားသခင်၏ရည်ရွယ်ချက်ကို သိရှိနားလည်ရ ပြီးဖြစ်၍ ၎င်းအပေါ်မည်ကဲ့သို့ ခံယူလိုက်လျှောက်မည်နည်း။ ဘုရားဂတိတော်နှင့်အညီပေးသော ထာဝရအသက်အတွက် အာမခံစိတ်ချမှုရယူလိုပါသလား၊ ၎င်းအပေါ်ယုံကြည်သူနှင့် မယုံကြည်သူတို့၏ခလေ့တို့၌ ၎င်းအချက်အလက်တို့ကို ရှင်း လင်းစွာ သဘောပေါက်ရန် အချိန်ယူရမည်ဖြစ်သည်။

(၂) ကျွန်ုပ်တို့အတွက်လိုအပ်ချက်

ရောမ၊ ၃:၂၃

– လူအပေါင်းတို့သည် ဒုစရိုက်ပြု၍ ဘုရားသခင်ရှေ့တော်၌ အ သရေပျက်ကြပြီ၊

ကျွန်ုပ်တို့အားလုံးသည် ဘုရားစကားကို နား ထောင်၍ ဖြစ်ပေါ်လာသောအကျိုးဆက်သည် မည်ကဲ့သို့ ဖြစ်ပွားသနည်း။ ထာဝရအသက်ကို သင်ဆုံးရှုံးရသည်အ ပြင် အပြစ်၏အခသေခြင်းကို ရင်ဆိုင်ရမည့်အပြင် အပြစ်စီ ရင်ခြင်းကိုပါ ခံရမည်ဖြစ်ပြီး အပြစ်ဆိုသည်မှာ ဘုရားစကား နားမထောင်သည့်အချိန်မှစ၍ ဖြစ်လာပြီး၊ အကျင့်စရိုက် အားဖြင့် မုသာပြောခြင်း၊ စိတ်ဆိုးစိတ်တိုခြင်း၊ လောက ဘကြီးခြင်း၊ မနာလိုခြင်း၊ တပ်မက်ခြင်း၊ ညစ်ညူးခြင်း၊ မာနထောင်လွှားခြင်းများကို ပြုလျက်နေခြင်းကြောင့် အပြစ် သည် လူသားများအပေါ် လွှမ်းမိုးလာခဲ့ရသည်။

ကျွန်ုပ်တို့သည် အပြစ်ရှိ၍ အပြစ်သားများဖြစ် ကြောင်း ဝန်ခံရမည်။ ဝန်ခံနိုင်ပါသလား။ အပြစ်၏အကျိုး ဆက်ကြောင့် ဖြစ်ပေါ်လာမည့်ဆိုးကျိုးများကို သိရှိရန်နှင့် ၎င်းအပြစ်၏ဆိုးကျိုးများကို ယေရှုခရစ်တစ်ပါးတည်းသာ လျှင် လွှတ်ပေးနိုင်ကြောင်း ယုံကြည်ဖို့လိုအပ်သည်။

ရောမ၊ ၆:၂၃

– အပြစ်တရား၏အခကား သေခြင်းပေတည်း။ ဘုရားသခင် ပေးတော်မူသော ဆုကျေးဇူးတော်ကား ငါတို့သခင်ယေရှုခ ရစ်အားဖြင့် ထာဝရအသက်ပေတည်း။

အပြစ်ကြောင့်သေခြင်းကို ရင်ဆိုင်ရပြီး သေလျှင် ပျက်စီးခြင်းငရဲကို သွားရမည်ဖြစ်၍ ဘုရားသခင်၏ အကြံ အစည်အတိုင်း သားတော်ယေရှုခရစ်တော်အားဖြင့် အပြစ် မှ လွှတ်စေရန် ပြင်ဆင်ပေးသည့်အကြောင်းကို ဖော်ပြထား သည်။

* သေခြင်းဆိုသည်မှာ အဘယ်နည်း။ နည်းလမ်းနှစ်မျိုးအား ဖြင့် ဘုရားသခင်နှင့် ဝေးကွာသွားရခြင်းဖြစ်သည်။

(က) ဤလောက၌ အသက်ရှင်စဉ်အခါ ဘုရားနှင့်အဆက်ဖြတ် နေရခြင်းသည် အသက်ရှင်လျက်ဖြင့် သေနေရခြင်းပင်ဖြစ် သည်။ စိတ်ဝိညာဉ်ဝမ်းမြောက်ခြင်း ငြိမ်သက်ခြင်းကင်းမဲ့ လျက်နှင့်ပင် ခရစ်တော်၏အုပ်စိုးခြင်းမရှိသောကြောင့် ထာ ဝရအသက်တွက် စိတ်ချမှုမရှိပေ။ ဘုရားသခင်နှင့် ဆက် သွယ်မှုပြတ်နေသောကြောင့် စိုးရိမ်ကြောက်ရွံ့မှုများနှင့် မိမိ ဘဝအတွက် အာမခံချက်ဗလာနတ္ထိဖြစ်နေရသည်။

(ခ) ဘုရားသခင်နှင့်အဆက်ဖြတ်၍ ထာဝရမီးငရဲအိုင်ထဲကျ ခြင်းသည် သေခြင်းဖြစ်သည်။ ၎င်းသည် ခရစ်တော်မရှိသော ဘဝအသက်တာဖြစ်သည်။ ကျမ်းစာအရပြန်ကကြည့်လျှင် လူသည် အပြစ်ကြောင့် ဘုရားနှင့်ဝေးကွာ၍ သေထိုက်သူ များဖြစ်ကြောင်း ဖော်ပြထားသည်။

ကျွန်ုပ်တို့မည်ကဲ့သို့ ခံယူလိုက်လျှောက်မည်နည်း။

ကျွန်ုပ်တို့သည် အပြစ်ကြောင့် ဘုရားနှင့်ဝေးကွာနေ ကြရပြီး သေခြင်းကိုခံထိုက်သူများဖြစ်သည့်အပြင် ပျက်စီးခြင်း ငရဲသို့ရောက်ရမည့်သူများဖြစ်ကြောင်း သိပြီး မည်ကဲ့သို့ လိုက် လျှောက်ရမည်ကို သိပါသလား။

(၃) ကျွန်ုပ်တို့အတွက် ဘုရားပြင်ဆင်ချပေးခြင်း

ရောမ၊ ၅:၈

– ငါတို့သည် အပြစ်ရှိစဉ်ပင် ခရစ်တော်သည် ငါတို့အတွက်ေ ကြောင့် အသေခံတော်မူသည်ဖြစ်၍ ဘုရားသခင်သည် ငါတို့ ကို အဘယ်မျှလောက်ချစ်တော်မူသည်ကို ငါတို့အားထင်ရှား စွာပြတော်မူ၏။

ဘုရားသခင်သည် ကျွန်ုပ်တို့ကို အလွန်ချစ်သော ကြောင့် ကျွန်ုပ်တို့ကျူးလွန်ခဲ့သောအပြစ်များအတွက် မှတ် တော်မမူဘဲ တစ်ပါးတည်းသောသားတော် ယေရှုခရစ်တော် ကို လောကကို စေလွှတ်၍ ကျွန်ုပ်တို့ခံရမည့်အပြစ်အတွက် ကိုယ်စားအသေခံစေခဲ့ကြောင်းတွေ့ရသည်။

ကျွန်ုပ်တို့ကျူးလွန်ခဲ့သော အပြစ်အတွက် အပြစ် တရား၏အခမှာ သေခြင်းနဲ့သာ ရင်ဆိုင်ရမည်မှာ မလွဲပါ။ သို့ သော် ကျွန်ုပ်တို့ ကိုယ်စားစေလွှတ်ခြင်းခံရသော သား တော် ယေရှုသည် ကျွန်ုပ်တို့အပြစ်အတွက် ကားတိုင်ပေါ် တွင် အ ပြစ်ဒဏ်စီရင်ခြင်းကိုခံခဲ့သည်။ ယေရှုအသေခံခြင်း ကသာ လျှင် လူသားများကျူးလွန်၍ခံရမည့်အပြစ်ဒဏ် စီရင်ခြင်းမှ လွတ်မြောက်စေသည်။ ထို့ကြောင့်လူအပေါင်း တို့သည် ကိုယ်ကျင့်တရားကောင်းမှုကုသိုလ်ကို မိမိနည်း လမ်းဖြင့် အမှီပြုပြီး ဘုရား၏ခွင့်လွှတ်ခြင်း ဘုရားထံရောက် လိုခြင်းကို ကြိုးစားကြသည်။ တဖန် ဗေဒင်၊ ယတြာချေခြင်း၊ နတ် ဝိညာဉ်များ(သို့) လူဝင်စားများအားဖြင့်လည်း ကြိုး စား၍ လုပ်ဆောင်ကြကြောင်းတွေ့ရသည်။ လူ၏ကြိုးစာ အားထုတ် မှုများသည် ကျူးလွန်ခဲ့သော အပြစ်များမှ သန့် ရှင်းခြင်းသို့မရောက်နိုင်ကြောင်း ဘုရားသခင်နှင့်ဆက်သွယ် နိုင်ရန် ယေရှုခရစ်အားဖြင့်သာဖြစ်ကြောင်း ယေရှုသည် ကျွန်ုပ်တို့အတွက် အသေခံပြီး သေခြင်းမှ ရှင်ပြန်ထမြောက် တော်မူသည်။ ၎င်းဖြင့် ကျွန်ုပ်တို့နှလုံးသားထဲမှာ ဝင်ရောက် အုပ်စိုးလိုသောအရှင်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ယေရှုခရစ်သည် ကျွန်ုပ်တို့၏ ကယ်တင်သော

အရှင်အုပ်စိုးတော်မူသောသခင်နှင့်အပြစ်လွှတ်ပေးတော်မူသောသူဖြစ်ကြောင်း ယုံကြည်ပါသလား။ ယုံကြည်လက်ခံရန်ဖြစ်သည်။

(၄) ကျွန်ုပ်တို့ဘက်မှ တုန့်ပြန်မှု

ရောမ၊ ၁၀:၉

- အဘယ်သို့နည်းဟူမူကား၊ သင်သည် သခင်ယေရှုကို နှုတ်ဖြင့် ဝန်ခံ၍ ဘုရားသခင်သည် သူ့ကိုသေခြင်းမှထမြောက်စေတော်မူပြီးဟု စိတ်နှလုံးထဲ၌ ယုံကြည်လျှင် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။

ဘုရားသခင်သည် ကျွန်ုပ်တို့အား ခရစ်တော်ကို အရှင်သခင်အဖြစ် ယုံကြည်လက်ခံရန် လုပ်ဆောင်ရမည့်အကြောင်းပြောထားသည်။

"ယေရှုခရစ်တော်ကို ကယ်တင်ပိုင်ရှင် အရှင်သခင်အဖြစ်လက်ခံရန် အချက်နှစ်ချက်"

(က) ခရစ်တော်ကို ကျွန်ုပ်တို့အရှင်သခင်အပြစ်ဝန်ခံရမည်။ အပြစ်ကို စွန့်လွှတ်၍ ယေရှုနောက်သို့ လိုက်ရမည်။ ခရစ်တော်အုပ်စိုးသောဘဝကို ခံယူခြင်းဖြစ်သည်။ ၎င်းကား နောင်တရခြင်းဖြစ်သည်။

(ခ) ယေရှုခရစ်တော်သည် သေခြင်းမှရှင်ပြန်ထမြောက်၍ ကျွန်ုပ်တို့၏ကယ်တင်ရှင်ဖြစ်ကြောင်း စိတ်နှလုံးမှ ယုံကြည်ရမည်။ အခြားသောအရာများကို ယုံကြည်ကိုးစားခြင်းမဟုတ်ဘဲ ယေရှုခရစ်တော်ကိုသာ ယုံကြည်ကိုးစားခြင်းဖြစ်သည်။

ယေရှုခရစ်သည် ကျွန်ုပ်တို့၏ကယ်တင်ရှင်သခင်ဖြစ်သည်ဟု ဝန်ခံ၍ ကျွန်ုပ်တို့ဘဝအသက်တာကို ၎င်းထံဆက်ကပ်အပ်နှံမည်လား။ အခြားသောအရာများကို ယုံကြည်ကိုးစားနေရအုံးမည်လား။ ယေရှုခရစ်တော်ကို ယုံကြည်လက်ခံကိုးစား၍ ယခုပင် မိမိဘဝကို ဆက်ကပ်အပ်နှံမည်လား။

(၅) ကယ်တင်တော်မူခြင်းသို့ရောက်ရန်

ရောမ၊ ၁၀:၁၃

အကြောင်းမူကား ထာဝရဘုရားကို ပဋ္ဌနာပြုသောသူရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ရောက်ရကြလတ္တံ့။

- ယေရှုခရစ်၏နာမကို အမှီပြု၍ပဋ္ဌနာပြုသောသူအပေါင်း ကယ်တင်ခြင်းကို ခံရမည်အကြောင်းဘုရားပြင်ဆင်ထားသည်။
- ကျွန်ုပ်တို့စိတ်နှလုံး၌ ယခုပင် ယေရှုခရစ်တော်ကို ကယ်တင်ပိုင်ရှင်နှင့် အပြစ်လွှတ်ပေးတော်မူသောအရှင်အဖြစ် ယုံကြည်လက်ခံ၍ရကြောင်းဖော်ပြထားသည်။

ကျွန်ုပ်တို့ဘဝကို ဘုရားထံဆက်ကပ်အပ်နှံပြီး ယေရှုကို ကျွန်ုပ်တို့၏စိတ်နှလုံးထဲ၌ ကျိန်းဝပ်ဖို့ရန် ယခုပင် ခေါ်ဖိတ်နိုင်ပါသလား။ ခေါ်ဖိတ်နိုင်မည်ဆိုလျှင် ဤကဲ့သို့ ဆုတောင်းပါ။

"အရှင်ဘုရား... အကျွန်ုပ်သည် အပြစ်သားဖြစ်ပါ၏။ ကိုယ်တော်သည် ကျွန်ုပ်၏ကယ်တင်ရှင်နှင့် အရှင်သခင်အဖြစ် ယုံကြည်ကိုးစားပါ၏။ ယခုကျွန်ုပ်ဘဝကို ကိုယ်တော်၌အပ်ပါ၏။ ကျွန်ုပ်ကို ကယ်တင်၍ စိတ်နှလုံးထဲသို့ ဝင်ရောက်တော်မူပါ။ ကျွန်ုပ်ကို ပြုပြင်ပြောင်းလဲ၍ ဘဝတစ်ခု လုံးကို ထိန်းချုပ်တော်မူပါ။ ယေရှုနာမ၌ဆုတောင်းပါ၏။ အာမင်"

ယေရှုသည် သင့်ဆုတောင်းချက်ကို အဖြေပေးမည်ဟု ယုံကြည်ပါသလား။

ယခု ယေရှုဘယ်မှာရှိသနည်း။ သင်သည် ကယ်တင်ခြင်းရပြီးလား။

ခရစ်တော်၏မေတ္တာ၌
ဆရာသန်းဇော်

---

**ဇူလိုင်လ မှ စက်တင်ဘာလ**
**အတွင်းလုပ်ဆောင်ချက်များ**

| | | |
|---|---|---|
| ဝေစာဝေခဲ့သောအိမ်ခြေပေါင်း | = | ၁၄၃,၁၀၀ |
| အများပြည်သူနေများဝေခြင်း | = | ၈,၄၉၆ |
| ဝေစာစောင်ရေပေါင်း | = | ၁၅၁,၅၉၆ |
| အသင်းတော်များနှင့်လက်တွဲမှု | = | ၁၉၈ |
| စေတနာအမှုတော်ဆောင်များဝါဝင်များ | = | ၂၅၂ |
| အင်တာနက်ဖြင့် ဧဝံဂေလိဟောမှု | = | ၁၂၆,၉၆၂ |
| သင်တန်းများပြုလုပ်ခြင်း | = | ၂၄၁ |
| ရေနှစ်ခြင်းမင်္ဂလာခံယူသူ | = | ၈ |
| တပည့်တော်စုအသစ် | = | ၁၀ |
| ဧဝံဂေလိနှင့် ဝေစာဝေခြင်းမှ တုန့်ပြန်သူ | = | ၄၉၅ |

*"ကျမ်းစာထဲတွင်ရှိသောကတိတော်များကို ကတိတော်ဟု ကျွန်ုပ်တို့သတ်မှတ်ကြသော်လည်း အမှန်မှာ ကတိတော်များ မဟုတ်ပါ။ ဥပဒေသများသာ ဖြစ်သည်။ ကမ္ဘာဆုံးသည့်တိုင် မပြောင်းလဲသော ဥပဒေသများသာ ဖြစ်သည်"*

# သာသနာကွင်းမှ သက်သေခံချက်များ

## ဒေါ်ကုလားမ(ပဲခူးတိုင်း)

ကျွန်မနာမည် ဒေါ်ကုလားမ ဖြစ်ပါတယ်။ ကျွန်မခရစ်ယာန်ဖြစ်တာကြာပါပြီ။ ယေရှုကို တကယ်ရရှိတာမကြာသေးပါဘူး။ ဆရာအောင်အေးတို့ အခုလိုပြောပြတော့မှ ပိုပြီးသဘောပေါက်လာပါတယ်။ ကျွန်မ အသက် "၇၇" နှစ် ရှိပြီး။ ခရစ်ယာန်မဖြစ်ခင် ဟန္ဒူဘာသာဝင်ဖြစ်ပါ တယ်။ ခရစ်တော်ကိုမရရှိမှီအချိန်ကပါ သေရင်ဘယ်ရောက်မယ်ဆို ဒါကိုအတိအကျမသိပါ။ ယခုခရစ်တော်ကိုရရှိပြီးနောက် ခရစ်တော် ယေရှုပေးထားတဲ့ ဂတိတော်ကို ယုံကြည်ခြင်းအားဖြင့် တမလွန် အတွက်စိတ်ရသောကြောင့် ဘုရားသခင်ကို ချီးမွမ်းပါတယ်။

---

## မနဲနဲဖော (ရန်ကုန်တိုင်း)

မနဲနဲဖောသည် မယုံကြည်သူမိသားစု နတ်ကိုးကွယ်သောမိသားစုတွင် အငယ်ဆုံးတစ်ယောက်ဖြစ်ပါသည်။ သူမတွင် မွေးချင်းငါးယောက်ရှိပါသည်။ မိခင်ဖြစ်သူသည် သူမ ၁၀ နှစ်အရွယ်တွင် ဆုံးပါးသွားပြီးဖြစ်ပါသည်။ ဖခင်ဖြစ်သူကလည်း စစ်သားဟောင်းတစ်ယောက်ဖြစ်ပြီး မူးယစ်ဆေးဝါးအမှုဖြင့် ထောင်နှစ်ရှည်ကျခံလျက်ရှိပါသည်။ သူမ၏ အသက်ရှင်မှုသည် မှောင်မိုက်ထဲတွင် မျှော်လင့်ခြင်း မရှိသလို ခံစားနေရပါသည်။ ဆရာအယ်ထူးတို့ပြုလုပ်သောကျမ်းစာ သင်တန်းသို့ရောက်ရှိလာချိန်တွင် သခင်ယေရှု၏ကယ်တင်ခြင်း သ တင်းစကားကိုကြားရပါသည်။ ထိုအချိန်တွင် အမှောင်ထဲမှ အလင်းကိုမြင်ရသလိုခံစားလာရပါသည်။ ယေရှုခရစ်၏ ကယ်တင်ခြင်း သ တင်းကောင်းကို ဆရာအယ်ထူးအားဖြင့် ကြားလိုက်ရသည့်အချိန်တွင် သခင်ယေရှုကို မိမိ၏ကယ်တင်ပိုင်ရှင်သခင်ဘုရားအဖြစ်ယုံကြည်လက်ခံခဲ့ပါသည်။ ထိုအချိန်မှစပြီး ဝမ်းမြောက်ခြင်း လုံခြုံမှုကျေနပ်မှုစိတ်ချမှုများခံစားရရှိလာပါသည်။ အားငယ်ခြင်း၊ ဝမ်းနည်းခြင်း၊ မကျေနပ်မှုများလည်းမရှိတော့ပါ။ ယခုအခါ ကျမ်းစာသင်တန်းများကို ဆက်လက်တက်ရောက်နေပြီး ဆရာအယ်ထူးတို့နှင့်အတူ ဝေစာဝေ ဧဝံဂေလိဟောပြောဝေငှခြင်းများတွင် ပါဝင်နေပါသည်။ အစ်မများထံသို့လည်း ယေရှုခရစ်တော်အကြောင်း သက်သေခံဝေငှရန် ဆုတောင်းဆက်ကပ်နေပါသည်။

---

## မမူပလပ် (ကယားပြည်နယ်)

ကျေးဇူးတော်အားဖြင့် ဧဝံဂေလိဝေငှရာတွင် မမူပလပ်နှင့်တွေ့ခွင့်ရခဲ့တယ်။ မမူပလပ်ဟာ တံခွန်တိုင်နတ်စားဘာသာကို ကိုးကွယ်ပြီး မယုံကြည်သူ၊ ကယန်းလူမျိုးတစ်ယောက်ဖြစ်ပါတယ်။ မမူပလပ်ဟာ ဆင်းရဲတဲ့သူဖြစ်တယ်။ စားဝတ်နေရေးအတွက် မိဘနှင့်အတူ အလုပ်ကူလုပ်သောသူဖြစ်ပါတယ်။ မမူပလပ်ဟာ ယပ်ခူကျေးရွာမှာ နေထိုင်သူဖြစ်တယ်။ ဒီမောဆိုမြို့နယ်မှာ စစ်ပွဲများဖြစ်ပွားနေသော ကြောင့် ဝါဘန်းသလိုရွာမှာ စစ်ဘေးရှောင်နေရပါတယ်။ မမူပ လပ်ဟာ လက်နက်ကြီးကြောင့် စိုးရိမ်းခြင်း၊ ထိပ်လန့်ခြင်းတွေ၊ ကြောက်ရွံ့ခြင်းစိတ်များစွာ ခံစားနေရပါတယ်။ မမူပလပ်ဟာ ယေရှုခရစ်တော်၏ ကယ်တင်ခြင်းသတင်းစကားကို တခါမျှ မကြားဖူးပါ။ ဝေစာဝေရာတွင် ဧဝံဂေလိဝေငှတဲ့နေရာမှာပဲ သူသည်ရောက်ရှိခဲ့ပါသည်။ ထိုနေရာမှာပဲ မမူပလပ်သည် ခရစ်တော်၏ ကယ်တင်ခြင်းသတင်းစကားကို ကြားခဲ့ရပါတယ်။ ထိုအခါ တမလွန်တွင် ငရဲသို့သွားရန် အရမ်းကိုကြောက်ရွံ့ခဲ့ပါသည်။ ထို့ကြောင့် မမူပလပ်သည် ခရစ်တော်ကို မိမိ၏ကယ်တင်ပိုင်ရှင်အရှင်သခင်အဖြစ် ယုံကြည်လက်ခံပြီးနောက်ပိုင်းတွင် လုံခြုံခြင်းများ၊ ငြိမ်သက်ခြင်းများ ခံစားလာရပါသည်။ ယခုအခါ မမူပလပ်သည် ကျမ်းစာသင်တန်းများ၊ တက်ရောက်ပြီး ဆရာမမေဖောမှင်အတူ ဝေစာဝေခြင်းများဖြင့် ပါဝင်ဆက်ကပ်နေပါသည်။

---

### တံခါးခေါက်သံကျွန်ုပ်ကြားရသည်

"သခင်ယေရှုဝင်ခဲ့ပါ" ကျွန်ုပ်ပြောသောအခါ<br>
ကိုယ်တော်က "တံခါးသော့ခတ်ထားသည်"တဲ့။<br>
ကျွန်ုပ်သော့သွားဖွင့်သည်။<br>
တံခါးလက်ကိုင်မှ ဖွင့်လိုက်သံကြားရသည်။<br>
အလင်းရောင်လေးတစ်ခုတွေ့လိုက်ရ<br>
"သခင်ယေရှုအထဲဝင်ပါ အထဲဝင်ပါ။"<br>
ကိုယ်တော်က<br>
"တံခါးပေါက်တွင် တစ်စုံတစ်ခုကန့်လန့်ခံနေသည်ရွှေ့မသွားပါ"<br>
ကျွန်ုပ်ကြည့်လိုက်သည့်အခါ<br>
အထုပ်မည်းမည်းတစ်ထုပ်<br>
ထိုနေရာတွင် ထိုအထုပ်ကြီးရောက်နေကြောင်းကို ကျွန်ုပ်မသိပါ။<br>
အလွန်အရုပ်ဆိုးသောအထုပ်<br>
ကိုင်ရမည်ကိုရွံ့နေသည်။<br>
အထဲကိုကျွန်ုပ်ကြည့်လိုက်သောအခါ<br>
အချဉ်နံ့ပေါက်သည့်ခွင့်မလွှတ်ခဲ့သော<br>
အမှားတစ်ခုကိုတွေ့လိုက်ရသည်။<br>
ထိုအထုပ်ကို ကျွန်ုပ်တွန်းဖယ်လိုက်သည်။<br>
တံခါးကိုခပ်ကျယ်ကျယ်ဖွင့်လိုက်သည်<br>
ထိုအခါအလင်းရောင်ဝင်လာသည်<br>
ယေရှုရှေ့သို့ လှမ်းလာပြီး ကျွန်ုပ်ကိုနှုတ်ဆက်သည်။

(ဂျိန်းအမ်မစန်)

# ဘုရားသခင်၏သားတော်နှင့်ဆုတောင်းခြင်း

ဆုတောင်းဆက်သွယ်ရာ၌ ခရစ်တော်သည် အရေးကြီးကြောင်းကို ယခင်က ကျွန်ုပ်တို့အနည်းအကျဉ်းပြောခဲ့ပြီးဖြစ်သည်။ ဘုရားသခင်၏သားတော်သည် ဆုတောင်းခြင်း၌ အရေးကြီးသောအရာကို ပိုင်ဆိုင်ထားသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့၏ကျောင်းသည် ခရစ်တော်၏ဆုတောင်းခြင်းအသက်တာ အကြောင်း ကိုယ်တော်၏အဓိက ဆုတောင်းချက်များအကြောင်းနှင့် ကျွန်ုပ်တို့ ဆုတောင်းရာတွင် ခရစ်တော်နာမ၏တန်ခိုးအကြောင်းကို အထူးတလည်အချိန်ယူ၍ သီးသန့်လေ့လာထားပါ၏။

ခရစ်တော်၏ဆုတောင်းခြင်းအသက်တာ၏ စံနမူနာ

ယေရှုခရစ်၏အသက်တာကို လေ့လာလျှင် ဆုတောင်းခြင်း၌ ကိုယ်တော်ယုံကြည်ကြောင်းတွေ့ရသည်။ ခရစ်တော် ဗတ္တိဇံမင်္ဂလာယူသောအခါ၌ ဆုတောင်းခဲ့သည်။ တောင်ပေါ်တွင် အဆင်းအရောင်ပြောင်းလဲသောအခါ၌လည်းကောင်း၊ ဥယျာဉ်ထဲနှင့် လက်ဝါးကပ်တိုင်ပေါ်တွင်လည်းကောင်း ဆုတောင်းခဲ့သည်။ သူ့တပည့်တော်များဝိညာဉ်ရေးရာ စုံစမ်းနှောင့်ယှက်မှုနှင့် ရင်ဆိုင်ခါနီးတွင် ဤသို့ သတိပေးစကားပြောကြားတော်မူခဲ့သည်။

(မဿဲ၊ ၂၆:၄၁) စုံစမ်းနှောင့်ယှက်ခြင်းနှင့်ကင်းလွတ်မည်အကြောင်း ဆုတောင်းလျက်စောင့်နေကြလော့။ စိတ်ဝိညာဉ်ကား စေတနာစိတ်ရှိပြားသော်လည်း ကိုယ်မူကား အားနည်းသည်ဟု ပေတရုအား မိန့်တော်မူ၏။

နေ့စဉ်နံနက်မိုးမလင်းမီကပင် ယေရှုနိုးပြီး ဖခမည်းတော်နှင့် မိတ်ဖွဲ့ရန်အချိန်ယူကြောင်းတွေ့ရသည်။ တစ်ညလုံး မအိပ်ဘဲလည်း ဆုတောင်းတတ်သည်။ (အီး-အမ်-ဘောင်း)က ဆုတောင်းခြင်းသည် ကိုယ်တော်ရရှိသောတန်ခိုး၏လျှို့ဝှက်ချက်၊ ကိုယ်တော့်အသက်တာ၏ဥပဒေ၊ ပင်ပန်းရှုပ်ထွေးနေချိန်၌ရရှိသောစိတ်စွမ်းအား၊ ကိုယ်တော်ပိုင်ဆိုင်မှု၏အရင်းတည်ရာ ကိုယ်တော်၏ဝမ်းမြောက်ခြင်း၊ ကိုယ်တော်၏ခွန်အားစသည်တို့ဖြစ်ပါသည်။ ယေရှုခရစ်တော်အတွက် ဆုတောင်းခြင်းသည် ဒုတိယဦးစားပေးနေရာ၌မရှိပါ။ အမြင့်မြတ်ဆုံးအဖြစ်တိတိကျကျခံယူထားပါသည်။ ထို့အပြင် မရှိမဖြစ်လိုအပ်သောအရာ၊ အသက်၊ မငြိမ်မသက်ဖြစ်နေသောတောင့်တမှုကို ရောင့်ရဲစေခြင်းနှင့် ကြီးလေးသော တာဝန်ကိုထမ်းဆောင်ရန် အသင့်ပြင်ဆင်ထားခြင်းဖြစ်သည်။ ခရစ်တော်၏ဆုတောင်းခြင်း အလုံးစုံတို့၏အနှစ်သာရကို သူ့စကားထဲတွင် တွေ့ရပါသည်။ (ယော၊ ၈:၂၉) အကြောင်းမူကား (ခမည်းတော်)နှစ်သက်တော်မူသောအမှုကို အစဉ်မပြတ်ငါပြုသည်ဟု မိန့်တော်မူ၏။

ခရစ်တော်၏ဆုတောင်းချက်များ၏ ဥပမာ

ဓမ္မသစ်ထဲတွင် ခရစ်တော်၏ ဆုတောင်းချက်အများအပြားကို တွေ့နိုင်သော်လည်း နှစ်ခုသာထူးထူးခြားခြား အဓိပ္ပါယ်အပေါ်လွင်ဆုံးဖြစ်ကြောင်း တွေ့ရပါသည်။ တစ်ခုမှာ ခရစ်တော် သူတပည့်တော်များကို သင်ပေးထားသည့် ပဌနာတော်(မဿဲ၊ ၆:၁၁-၁၃) ဖြစ်ပြီး ဒုတိယတစ်ခုမှာ ခရစ်တော်

## ချီးမွမ်းခြင်းများ နှင့် ဆုတောင်းချက်များ

**ချီးမွမ်းခြင်း**

- ဇူလိုင်လမှ စက်တင်ဘာလအထိ ဝေစာဝေခြင်း အောင်မြင်စွာလုပ်ဆောင်နိုင်သောကြောင့် ကျေးဇူးတော် ချီးမွမ်းပါသည်။
- One Day For Jesus ကို တိုင်းနှင့်ပြည်နယ်အသီးသီး၌ ကောင်းမွန်စွာလုပ်ဆောင်ခွင့်ရသောကြောင့် ကျေးဇူးတော် ချီးမွမ်းပါသည်။
- တိုင်းနှင့်ပြည်နယ်အသီးသီးမှ အမှုတော်ဆောင်များ ဝေစာဝေခြင်း ဧဝံဂေလိဟောပြောခြင်းများ အခက်အခဲမရှိ လုပ်ဆောင်ခွင့်ရသောကြောင့် ကျေးဇူးတော်ချီးမွမ်းပါသည်။
- ယုံကြည်သူလူသစ်များ ဗတ္တိဇံမင်္ဂလာခံယူလာခြင်းအတွက် ကျေးဇူးတော်ချီးမွမ်းပါသည်။
- Online အားဖြင့် သက်သေခံသောအခါ စိတ်ဝင်စားသူများစွာရှိလာခြင်းအတွက် ကျေးဇူးတော်ချီးမွမ်းပါသည်။

**ဆုတောင်းချက်**

- ဒီဇင်ဘာလတွင် ဧဝံဂေလိတရားဟောပွဲများ ပြုလုပ်နိုင်ရန်အတွက်။
- အမှုတော်ဆောင်များ ကျန်းမာစွာဖြင့် ဆက်လက်အစေခံနိုင်ရန်။
- မြန်မာပြည်တည်ငြိမ်အေးချမ်းလာပြီး ဘုရားသခင်အုပ်စိုးသောနိုင်ငံဖြစ်လာရန်။
- ခက်ခဲနေသောသူများ၊ စစ်ဘေးရှောင်များအတွက် ဘုရားရှင်ကောင်းကြီးပေးရန်။

ကောင်းကင်ပေါ်သို့ မတက်ကြွမီလေးတွင် ဆုတောင်းခဲ့သည့် အချက် (ယော ၁၇)ဖြစ်ပါ၏။ ပထမတစ်ခုဖြစ်သည့် ပဌနာ တော်ကို ကြည့်ကြပါစို့။

ပဌနာတော်သည် ဆုတောင်းချက်အားလုံးအတွက် မှန်ကန်သောပုံစံဖြစ်ကြောင်း သံသယဖြစ်စရာမလိုပေ။ ဤပဌ နာတော်နှင့် ပတ်သက်၍ (ဂျီ–ကင်းဘဲလ်မော်ဂန်)က ယေရှုသည် လူတို့နေ့စဉ်ကြုံတွေ့ရသောအရာများကို စုစည်း ပြီး အဆင်ပြေအောင်စီစဉ်ထားကာ အားလုံးပြေပြစ်သည့် ဆုတောင်းပဌနာတစ်ခုဖြစ်လာစေပါသည်။ ဤဆုတောင်း ချက်ကို လိမ္မာပါးနပ်စွာတွေးတောဆင်ခြင်ပြီး ဆုတောင်းလျှင် အခြားဘာကိုမှ ဆုတောင်းစရာမလိုတော့ပါ။ ဤပဌနာတော် ပါ တောင်းလျှောက်မှုများကို ပိုင်းခြားလိုက်ပြီး အခြားနည်း လမ်းများနှင့် ဆုတောင်းလျှင်လည်း ရပါသေးသည်။ သို့ရာတွင် ပဌနာတော်ထဲ၌ပင် အချက်အလက်အားလုံးပြည့်စုံစွာပါဝင်ပြီး ဖြစ်ပါသည်ဟု ဆိုပါသည်။

မော်ဂန်ကဂျူးဆရာတစ်ဦး – ဆုတောင်းချက်အညွှန်း အကြောင်းကို တပည့်တော်တို့အား သင်ပြပေးပုံကို ဆက်လက် ၍ ရှင်းပြပါသည်။ ထိုအကြောင်းသည် ဝါကျတိုကလေးများကို စုစည်းထားခြင်းဖြစ်ပြီး ဝါကျတစ်ခုစီ၌ ဆုတောင်းရမည့် အ ကြောင်းအရာတစ်ခုပါသည်။ သင်တန်းသားများက တစ်ကြိမ် လျှင် အကြောင်းအရာတစ်ချက်စီ ကျက်ရွတ်ရပြီး ယင်းသို့တစ် ချက်စီကို စေ့စပ်စွာသေချာစွာ ချဲ့ထွင်၍ရွတ်ရသည်။ ပဌနာ တော်သည်လည်း ဆုတောင်းချက်အညွှန်းတစ်ခုဖြစ်သည်။ မော်ဂန်၏အပြောအရ ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ် တော်မှုတ်သွင်းထားပြီးဖြစ်သည့်အတွက် လူ့အသည်းနှလုံးက တောင့်တရန် မလိုတော့ပါ။



ဤစံပြဆုတောင်းချက်၏အရေးကြီးပုံကို ပိုမိုစေ့စပ် သေချာစွာလေ့လာလျှင် ဆုတောင်းသောကျောင်းသားများအ နေနှင့် ဆုတောင်းချက်စစ်မှန်သောပုံစံအကြောင်းကို နားလည် လာမည်ဖြစ်သည်။

### ကောင်းကင်ဘုံ၌ ရှိတော်မူသော

ဤနေရာတွင် ဘုရားသခင်၏သဘာဝအဖြစ်တော်ကို ဆုတောင်းခြင်းထဲတွင် ဖော်ပြထားသည်။ ဘုရားသခင်သည် ကောင်းကင်ဘုံတွင်ရှိသည့်အတွက် အရာခပ်သိမ်းတို့၏အ



ထက်တွင် ရှိတော်မူသည်။ ဤအပိုင်းသည် ဘုရားသခင်၌အရာ ခပ်သိမ်းကို တတ်စွမ်းနိုင်သောတန်ခိုးအပြည့်အဝရှိကြောင်း၊ အရာခပ်သိမ်းကို သိတော်မူကြောင်း နေရာတိုင်းတွင်ရှိကြောင်း နှင့် လုံးဝမြင့်မြတ်သန့်ရှင်းခြင်းရှိကြောင်း ဖော်ပြနေပါ၏။

ကျွန်ုပ်တို့အဘ ဤနေရာတွင် ယေရှုက ခရစ်ယာန်နှင့် သူ၏ ကောင်းကင်ဘုံရှင်အဘတို့ဆက်သွယ်ပုံကို ရှင်းပြထား သည်။ "အဘ" ဟူသည့်စကားသည် နွေးထွေးသော ကိုယ်ရေး ကိုယ်တာဆက်ဆံရေးအခြေအနေကို ဖော်ပြသည်။ ခရစ်တော် ၏ပဌနာတော်သည် အိုဘုရား (သို့မဟုတ်) ကျွန်ုပ်ဘုရားနှင့် အစမပြုပါ။ ချစ်တတ်သော ဖခင်နှင့် ကျေးဇူးသိတတ်သော သားတို့စပ်ကြားဆက်သွယ်မှုကို ရည်ညွှန်းထားသည်။ ထို့ အပြင် "ကျွန်ုပ်တို့" ဟူသည့် အရေးကြီးသည့်စကားတစ်လုံး ကို အစတွင် သုံးထားသေးသည်။ ဤစကားကိုအသုံးပြုရာ၌ ပိုင် ဆိုင်ခြင်းသာမဟုတ်၊ မိတ်သဟာယရှိကြောင်းကိုလည်း ပြ သည်။ ဘုရားသခင်၌ရှိသမျှအရာအားလုံးကို ကျွန်ုပ်တို့ပိုင် သည်။ ကျွန်ုပ်တစ်ဦးတည်းပိုင်မဟုတ်၊ ကျွန်ုပ်တို့အားလုံး တစ်စု တစ်ပေါင်းတည်း ပိုင်ဆိုင်ပါ၏။ ယုံကြည်သူအားလုံး တစ်ဦးနှင့် တစ်ဦးဆက်သွယ်မှု မိတ်သဟာယရှိသည်။ သခင်ဘုရားက ဤ သဘောတရားကို ပဌနာတော်၏အစအဦး၌ပင် သွန်သင်ထား ပါသည်။

### ကိုယ်တော်၏နာမတော်အား ရိုသေလေးမြတ်ခြင်းရှိပါစေသော

ဤစကားအဓိပ္ပါယ်မှာ ကိုယ်တော်သည်လုံးဝမြင့်မြတ် သန့်ရှင်းကြောင်း ရိုသေလေးမြတ်ထိုက်ကြောင်းကို ကျွန်ုပ် ဝန်ခံပါသည်ဟု ကြေညာခြင်းဖြစ်သည်။ ဤစကားသည် ကျွန်ုပ် တို့နှုတ်မှဘုရားကို အမြင့်ဆုံးချီးမွမ်းထောမနာပြုခြင်း ဖြစ်သည်။ ကျွန်ုပ်တို့ ဆုတောင်းသည့်အခါ ကိုယ်တော်၏ဇာတိ အဖြစ်တော်အလုံးစုံကို ကျွန်ုပ်အသိအမှတ်ပြုနေခြင်းဖြစ်ပါ သည်။

### နိုင်ငံတော်တည်ထောင်ပါစေသော

ယေရှုသည် ပဌနာတော်ပုံစံ၏ဦးဆုံးတောင်းလျှောက် ချက်နှစ်ခုထဲ၌ ကမ္ဘာ့ဧဝံဂေလိလုပ်ငန်းအတွက် အသေအချာ ထည့်သွင်းထားပါသည်။ မှန်ပါသည်။ တစ်ကမ္ဘာလုံးရှိ ဝေနေယျ သတ္တဝါအပေါင်းတို့ထံသို့ သူ၏အမိန့်တော်မြတ်အတိုင်း ကျွန်ုပ် မသွားရောက်နိုင်လျှင် ဘုရားသခင်၏နိုင်ငံတော်မြေကြီးပေါ်သို့ ရောက်လာနိုင်မည်မဟုတ်ပါ။ (မာကု၊ ၁၆:၅) ထို့ကြောင့် ဤ

ပဋ္ဌာနတော်ကို ကျွန်ုပ်တို့တောင်းတိုင်း ယေရှုခရစ်အကြောင်း ပထမဦးဆုံးသောသတင်းစကားကို စောင့်မျှော်နေကြသော နိုင်ငံပေါင်း(၂၁၀)မှ သန်းပေါင်းများစွာသောလူတို့အတွက် သတိရဖို့ နှိုးဆော်လျက်ရှိပါ၏။ အလိုတော်သည် ကောင်းကင်ဘုံ၌ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာ ပြည့်စုံပါစေသော။

ဤနေရာသို့ရောက်သောအခါ ကျွန်ုပ်တို့၏တောင်းလျှောက်ခြင်းတွင် ကိုယ်တော်၏အလိုဆန္ဒပါဝင်လာသည်။ ဤနေရာတွင်လည်း ကမ္ဘာ့ဧဝံဂေလိလုပ်ငန်းအကြောင်းကို တဖန်ရောက်လာပြန်သည်။ အဘယ်ကြောင့်ဆိုသော် လူတိုင်းအား ကယ်တင်ခြင်းသို့ ရောက်စေလိုသောဆန္ဒသည် ဘုရားသခင်၌ရှိသည်။ (၂ပေ၊ ၃:၉) "ငါတို့တွင် အဘယ်သူမျှမပျက်စီးဘဲရှိသမျှတို့သည် နောင်တရစေခြင်းငှါ အလိုတော်ရှိ၍ ငါတို့ကို သည်းခံတော်မူ၏။"

ဘုရားသခင်၏အလိုတော်မပါဘဲနှင့် မည်သည့်ဆုတောင်းချက်မျှ မပြည့်စုံလာနိုင်သကဲ့သို့ ဘုရားသခင်၏အလိုဆန္ဒနှင့်အညီတောင်းလျှင် အဘယ်တောင်းလျှောက်သံကိုမှ မငြင်းပယ်ပါ။ ထိရောက်သောဆုတောင်းခြင်းဖြစ်လာရန် သော့ချက်မှာ ဘုရားသခင်၏အလိုတော်ကို ရှာရပါမည်။ ဤကဲ့သို့ရှာနိုင်ရန် သင်သည် ဘုရားသခင်၏ရှေ့မှောက်တွင် အချိန်ကြာကြာယူရမည်ဖြစ်သလို နှုတ်ကပတ်တော်နှင့် ပတ်သက်လာလျှင်လည်း အချိန်ကြာကြာ အကုန်ခံရမည်ဖြစ်ပါ၏။

အသက်မွေးလောက်သော အစာကို ကျွန်ုပ်တို့အားယနေ့ပေးသနားတော်မူပါ။

ယခုအထိပဋ္ဌာနတော်ပုံစံသည် ဝတ်ပြုခြင်းအကြောင်း ဘုရားသခင်၏အလိုတော်၊ ကမ္ဘာ့ဧဝံဂေလိလုပ်ငန်း၊ ဘုရားသခင်၏ဇာတိအဖြစ်တော်၏ပြည့်စုံခြင်းအကြောင်းတို့၌ ဗဟိုပြုထားပါ၏။ ကျွန်ုပ်တို့နေ့စဉ်အသက်ရှင်ရန်လိုအပ်ချက်များရှိ သည်။ ယေရှုသည် အရေးကြီးသည့် နေ့စဉ် "စနစ်တကျဆုတောင်းခြင်း" အကြောင်းကို သင်ပြပေးခဲ့သည့်ရည်ရွယ်ချက်မှာ ထိုလိုအပ်ချက်များအား တင်ပြတောင်းခံတတ်ရန်အတွက် ဖြစ်ပါသည်။ ကျွန်ုပ်တို့လိုအပ်နေသောအရာကို အကျွန်ုပ်တို့ တောင်းသည့်အတွက် မိမိတို့ကိုယ်ကိုသူတောင်းစားဟူ၍ ဘယ်သောအခါမှ မထင်မှတ်သင့်ပေ။ ဤနည်းလမ်းသည် လိုအပ်ချက်များအား ဖြည့်စွမ်းရန် ဘုရားသခင်၏နည်းလမ်းပင် ဖြစ်သည်။ သန့်ရှင်းသူတစ်ဦးက "မိမိတို့ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ ဆုတောင်းခြင်းသည် နိုင်ငံတော်၏ဥပဒေသဖြစ်သည်။ သင်သည် ဘုရားသခင်၏နာမတော်နှင့် တောင်းသောအရာအားလုံးရ၍ မတောင်းသောအရာကိုမရရှိသောအခါ ဆုတောင်းခြင်းမည်မျှအရေးကြီးသည်ကို သင်သိလာမည်ဖြစ်သည်" အမှန်မှာ ယနေ့သင်လိုအပ်နေသောအရာကို ယနေ့ပင်တောင်းခံသင့်ပါ၏။

သူတစ်ပါးသည် အကျွန်ုပ်တို့ကိုပြစ်မှားသော အပြစ်များကို ကျွန်ုပ်–တို့သည်လွှတ်သကဲ့သို့ အကျွန်ုပ်တို့၏အပြစ်များကိုလွှတ်တော်မူပါ။

ဤအပိုဒ်သို့ရောက်လာသောအခါ မကောင်းသောသဘောထားဟူသမျှအားလုံးကို ဆေးကြောသန့်စင်ပစ်ရပါမည်။ ဤတောင်းလျှောက်မှုသည် အပြစ်လွှတ်ခြင်းအကြောင်းနှင့် ဆိုင်ပါ။ သူတစ်ပါးအပေါ် ကျွန်ုပ်တို့ကမကျေနပ်မှု၊ နာကျည်း၍ သည်းမခံနိုင်ခြင်း၊ ခါးသီးသောသဘောထားများကို ထားနေလျှင် ကျွန်ုပ်တို့၏ဆုတောင်းချက်ကို ရှေ့ဆက်ရန် မဖြစ်နိုင်ပေ။ ဤတွင် အဓိကသော့ချက်စကားလုံးမှာ "အပြစ်လွှတ်ခြင်း"ပင်ဖြစ်၏။ "ကျွန်ုပ်တို့ကို ပြစ်မှားသောသူများ၏အပြစ်ကိုဖြေလွှတ်မှသာလျှင် ကျွန်ုပ်တို့၏အပြစ်များအလွှတ်ခံရမည်" ဖြစ်ကြောင်း ယေရှုကပြောထားသည်။

အပြစ်သွေးဆောင်ရာသို့ မလိုက်မပါစေဘဲ

ဤအချက်တွင် ယုံကြည်သူ၌ ဝိညာဉ်ရေးရာတိုက်ပွဲ အမြဲရှိကြောင်း သတိပေးထားသည်။ ထို့ကြောင့် အနေးနှင့်အမြန်ဆိုသလိုပင် ကျွန်ုပ်တို့၏ဆုတောင်းချက်သည် များမကြာမီ စာတန်၏အင်အားစုများနှင့်တိုက်ခိုက်ရန် ဗဟိုပြုရတော့မည်ဖြစ်သည်။ ထိုတိုက်ပွဲမဝင်မီ ဤတောင်းလျှောက်ခြင်းအားဖြင့် ခွန်အားများစုစည်းလိုက်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏အသက်တာလမ်းသို့ ရန်သူထံမှ အပြစ်သွေးဆောင်သည့်အရာများ ရောက်လာ၍ အကာအကွယ်တောင်းရခြင်းဖြစ်ပါသည်။ အပြစ်သွေးဆောင်ရာသို့ ကျော်လွှားအောင်မြင်နိုင်သော ပထမဆုံးအချက်မှာ အပြစ်သွေးဆောင်သည့် အရာများရှိသည်ဟု သဘောပေါက်ထားခြင်းဖြစ်သည်။ ဤတောင်းလျှောက်ခြင်းက ကျွန်ုပ်တို့ကို အကာအကွယ် ပေးထားပါ၏။





မကောင်းသောအမှုအရာမှလည်း ကယ်နှုတ်တော်မူပါ။

ယခင်တောင်းလျှောက်ချက်၏နောက်မှ လိုက်ပါလာ သောတောင်းခံချက်ကား "မကောင်းသောအမှုအရာမှ ကယ် နှုတ်တော်မူပါ"ဟူ၍ဖြစ်သည်။ ဤနေရာတွင် ယုံကြည်သူက စာတန်အပေါ်အောင်နိုင်သည့်တန်ခိုးကို တောင်းထားပါသည်။ တစ်နည်းဆိုသော် "မာရ်နတ်၏လက်ထဲမှ ကယ်တင်တော်မူပါ"ဟူ၍ အဓိပ္ပါယ်ရပြီး အချုပ်အနှောင်မှ ကင်းလွတ်ရန် တောင်း ဆိုခြင်း၊ အကာအကွယ်ပေးရန် တောင်းလျှောက်ခြင်းဖြစ်ပါသည်။ ဆုတောင်းသည့်အချိန်တိုင်း အစဉ်နိုးနိုးကြားကြားရှိရန သတိပေးထားသည်။ အကြောင်းမှာ နေ့စဉ်လုပ်ငန်းဝင်သောအခါ စာတန်ဝင်ရောက်ပြီး ကျွန်ုပ်တို့ကို ဆန့်ကျင့်ဘက်ပြုရန် ကြိုးစားနေ၍ဖြစ်ပါသည်။

အစိုးပိုင်သောအခွင့်နှင့် ဘုန်းတန်ခိုးအာနုဘော်တော်သည် ကမ္ဘာအဆက်ဆက်ကိုယ်တော်၌ ရှိပါ၏

ဤစံနမူနာဆုတောင်းချက်သည် နောက်ဆုံးတွင် ဂုဏ်တော်ချီးမွမ်းခြင်းနှင့်လုပစွာပြီးဆုံးသွားသည်။ အစတွင် ချီးမွမ်း ခြင်းဝတ်ပြုခြင်းနှင့် ပြီးသွားသည်။ တစ်ပတ်လည်ပြီး နောက် ဝတ်ပြုကိုးကွယ်ခြင်းနှင့်အပြီးသတ်သည်။ ဆုတောင်းခြင်းအားလုံး ချီးမွမ်းခြင်းနှင့် စပြီး ချီးမွမ်းခြင်းနှင့်ဆုံးရမည်။ အကြောင်းမှာ ချီးမွမ်းခြင်းသည် စစ်မှန်သောဆုတောင်းခြင်းဖြစ်သည်။

အာမင်

ဤဆုတောင်းချက်တွင် အလေးမထားမိသောနောက် ဆုံးစကားလုံး အာမင်တစ်လုံးရှိသည်။ "အာမင်" ဟူသည့် စကားမှာ ကျွန်ုပ်တို့၏ဆုတောင်းသံကို ကိုယ်တော်ဘုရားပေး မည်ဆိုသည့် ဘုရားသခင်အပေါ် စိတ်ချထားသည်။ "အာမင်" အဓိပ္ပါယ်မှာ "ပြည့်စုံပါစေ"ဟု ဆိုလိုသည်။ ကျွန်ုပ်တို့၏ဆုတောင်း ချက်အပြီး အာမင်ထည့်ဆိုခြင်းသည် တရားသူကြီးက သူ့စားပွဲပေါ်ရှိ တူနှင့်ပေကို တစ်ချက်ထုလိုက်သည်နှင့်တူ၏။ "ပြီးဆုံးသွားပြီ"ဟု ကြေညာလိုက်သည့်သဘောသက်ရောက်သည်။

**Dick Eastman**

**(The Change the World School of Prayer)**

(ဆက်လက်ဖော်ပြသွားပါမည် . . . )

## ထံတော်သို့ ဆုတောင်းပဌနာ [၃]

ထံတော်သို့ ဆုတောင်းပဌနာ(၂) အဆက် ....

၄။ နှုတ်ကပတ်တော် – မှန်သော သက်ဝင်ယုံကြည်ခြင်း

နှုတ်ကပတ်တော်သည် ယုံကြည်မှုကို တိုးပွားစေသည် (ရောမ၊ ၁၀:၁၇)နည်းတူ ကျွန်ုပ်တို့ ကိုယ်စားပဌနာပြုခြင်း၊ တိုး လျှိုးတောင်းလျှောက်ခြင်းတို့သည် နှုတ်ကပတ်တော်တွင် အ ခြေခံပါက စစ်မှန်သော ယုံကြည်မှုကို တိုးပွားလာစေပါလိမ့်မည်။

သက်သေခံသော နှုတ်ထွက်ကျမ်းစကားများ

- က။ "ငါ၏နှုတ်ကပတ်တော်သည် မီးကဲ့သို့၎င်း၊ ကျောက်ကိုထုချေသော သံတူကဲ့သို့၎င်း ဖြစ်သည် မဟုတ်လောဟု ထာဝရဘုရားမေးတော်မူ၏"(ယေရ၊၂၃:၂၉)
- ခ။ "ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူသော အားဖြင့် ဖြစ်၍၊ ဘုရားသခင်၏ လူသည် စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလိုငှာ ပြင်ဆင်သောသူဖြစ်မည်အကြောင်း ဩဝါဒပေးခြင်း၊ အပြစ်ကိုဖော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်း ကျေးဇူးများကို ပြုတတ်၏" (၂တိ၊ ၃:၁၆–၁၇)
- ဂ။ "ကျေးဇူးတော်ကိုခံရပါမည်အကြောင်း၊ ကိုယ်တော်ကို စိတ်နှလုံးအကြွင်းမဲ့တောင်းပန်၏။ ဗျာဒိတ်တော်အတိုင်း အကျွန်ုပ်ကို သနားတော်မူပါ။" (ဆာလံ၊ ၁၁၉:၅၈)။

ဆာလံ၊ ၁၁၉:၅၈ ၌ ဘုရားသခင့်ကတိတော်များကို ဆာလံဆရာမှ သတိပေးနေခြင်းဖြစ်သည်။ Charles Spurgeon ပြောသကဲ့သို့ နှုတ်ကပတ်တော်ကို ရင်ဝယ်သိထားလျှက် ကတိတော်နှင့်အညီ ပဌနာပြုကြမည်ဆိုလျှင် ကတိတော်နှင့်အညီ မစမှုနှင့် ကျွန်ုပ်တို့ ပဌနာပြုခြင်းအသက်တာသည် နွယ်ယှက်နေခြင်းပင်ဖြစ်ပေသည်။ ထိုသို့သောပဌနာကို ဘုရားသခင် လွှန်စွာအားရနှစ်သက်တော်မူပေသည်။ ၎င်းကတိတော်ကို ကျွန်ုပ်တို့ ယုံကြည်ကြောင်း ပြညွှန်နေခြင်းဖြစ်သည်။

ပဌနာစကားအကျိုးသက်ရောက်မှု

အသက်တာရှင်သန်မှုတွင် နှုတ်ကပတ်တော်မှ အစွမ်းခွန်အားပေးကြောင်း မကြာမကြာဖော်ပြလေ့ရှိသည်။ ဥပမာအားဖြင့် ၁သက်၊ ၂:၁၃ တွင် "ဘုရားသခင်၏နှုတ်ကပတ်တော်ကို ခံယူကြသောအခါ၊ လူ၏နှုတ်ထွက်စကားကို မခံမယူဘဲ၊ ဘု ရားသခင်၏နှုတ်ကပတ်တော်အမှန်ဖြစ်သည်နှင့်အညီ၊ ယုံကြည်ခြင်းသို့ရောက်သော သင်တို့အထဲ၌ ပြုပြင်သော ဘုရားသခင်၏နှုတ်ကပတ်တရားကို ခံယူကြသည်အကြောင်းအရာကို ငါတို့သည် အစဉ်မပြတ်ချီးမွမ်းကြ၏" ဟုဆိုထားပါသည်။

၁သက်၊ ၂:၁၃ ရှိ "ပြုပြင်သော" ဟူသောစကားကို ဂရိစကားလုံးတွင် "အစွမ်းခွန်အား"အဖြစ်သုံးပြီး၊ အဓိပ္ပါယ်မှာ "အတွင်းမှအစွမ်း၊ ခွန်အား" ဖြစ်စေသည်ဟုဆိုလိုသည်။ ပဌနာပြုရာ၌ နှုတ်ကပတ်တော်ကို ခံယူကျင့်သုံးခြင်းဟူသည် ဘုရားသခင့်ကတိတော်တန်ခိုးအစွမ်းကို ကျွန်ုပ်တို့၏ ကိုယ်စားပဌနာပြုခြင်းနှင့် တောင်းလျှောက်မှုတွင် ယှငင်လိုက်ခြင်းပင်ဖြစ်သည်။

ဆက်လက်ဖော်ပြသွားပါမည် ➢➢

# အသနားခံခြင်း၏ အခြေခံသဘောတရား

ကျွန်ုပ်တို့ဆုတောင်းခြင်းကျောင်းတွင် ဆုတောင်းခြင်း အားအထူးအာရုံပြုလေ့လာရမည့်အကြောင်းများစွာရှိသည်။ ဤအချက်များမှာ အသနားခံတောင်းလျှောက်ခြင်း၊ ကြားဝင်ဆု တောင်းပေးခြင်းနှင့် ဂုဏ်တော်ချီးမွမ်းခြင်းများဖြစ်သည်။ တောင်းလျှောက်ခြင်းသည် မိမိတို့ကိုယ်ရေးကိုယ်တာ လိုအပ်ချက်ကိုတောင်းခြင်းဖြစ်သည်။ ကြားဝင်ဆုတောင်းခြင်းဟူရာ ၌ သူတစ်ပါးကောင်းကြီးမင်္ဂလာရရန် မိမိတို့ကကြားမှနေပြီး ဆုတောင်းပေးခြင်းကို ဆိုလိုသည်။ ဂုဏ်တော်ချီးမွမ်းခြင်းဆိုရာ၌ မိမိတို့၏ ချစ်ခြင်းမေတ္တာကို ဘုရားသခင်အား ဝတ်ပြုခြင်း ရိုသေလေးစားခြင်းအားဖြင့် ပေးဆပ်ခြင်းကိုဆိုလိုသည်။ စတု တ္ထအချက်အပူတပြင်းတောင်းသည့်အချက်ကိုလည်း ဤနေရာတွင် ထည့်သွင်းသင့်သည်။ တောင်းလျှောက်ခြင်း (Supplication)နှင့် အသနားခံခြင်းသည် (Petition) အခြေခံအလွန်တူကြသည်။ ပထမဦးဆုံးတောင်းလျှောက်ခြင်းအကြောင်းကို ပြောကြပါစို့။

(၁) အသနားခံခြင်းသည် ဘုရားသခင်ချပေးသောဆုကျေးဇူး ဖြစ်သည်။

အဗီလာမှ(စိန့်သရီးဇာ)က သင်သည် ဘုရားသခင်ကိုသူ၌ရှိသော အကြီးဆုံးအရာများနှင့် ချီးမွမ်းခြင်းဖြစ်သည်။ (ဥပမာ– နေရာတကာတွင်ရှိ၊ မသိမရှိ၊ မတတ်နိုင်တာမရှိ) ယေရှုက တောင်းလျှောက်ခြင်းကို အရေးကြီးသည်ဟု သဘောထား၍ သူ့တပည့်တော်များကို သင်ပေးသည်။ "ကျွန်ုပ်တို့ကိုပေးပါ"ဟု ပြောစေသည်။ မကြာခဏတောင်းလျှောက်ရန်အရေးကြီးလှပါသည်။ အကြောင်းမှာ ကိုယ်တော်ပေးထားသောဆုကျေးဇူးကို လျစ်လျူရှုခြင်းသည် ဘုရားသခင်ကိုစော်ကားခြင်းသာဖြစ်ပေသည်။ လူတစ်ယောက်ကိုဆုပေးနိုင်ရန် မည်မျှကြိုးစားလုပ်ဆောင်ရကြောင်း၊ ကျွန်ုပ်တို့သိသည်။ ပေးလိုက်သောအခါ ထိုအရာကိုအလွဲသုံးလျှင်သော်၎င်း၊ မေ့ပျောက်ထားလျှင် သော်၎င်း (သို့မဟုတ်) လက်မခံလျှင်သော်၎င်း ပေးသူ၏စိတ်တွင် မည်ကဲ့သို့ခံစားရမည်ကို စဉ်းစားကြည့်ပါ။ ထိုနည်းတူတောင်းလျှောက်ခြင်းဟူသည့် တန်ဖိုးကြီးသောဆုကျေးဇူးကို ကျွန်ုပ်တို့မသုံးလျှင် ဘုရားသခင်စိတ်ကောင်းမည်မဟုတ်ပါ။

(၂) အသနားခံခြင်း၌ ရှုပ်ထွေးမှုမရှိအပ်ပါ။

(မစ်ဖရိုက်)ဟူသော အမျိုးသမီးသည် စကားလုံးတိုတိုနှင့်သာ ဆုတောင်းသည်။ "အို ဘုရားသခင် အို ဘုရားသခင် အို ဘုရားသခင်"၊ ဆရာမကြီး ရိုစလင်းက ကျွန်ုပ်တို့ ဤစကားအတိုင်း ဆုတောင်းသည် မဟုတ်ပါ။ သို့ရာတွင် ဆုတောင်းသည့်အခါ ကျွန်ုပ်တို့၏ စိတ်နှလုံးထဲ၌ အခြေအနေထိုသို့ရှိမှသာ အဖြေရရှိမည်ဖြစ်သည်။ တောင်းလျှောက်ခြင်း၌လှပသောစကားလုံးများနှင့် တန်ဆာဆင်ထားရန်လည်း မလိုအပ်ပါ။ အမှန်မှာ ဘုရားသခင်ကိုစိတ်နှလုံးထဲမှ ငိုကြွေးတမ်းတခြင်းသာဖြစ်သည်။

(၃) အသနားခံခြင်းကို ထပ်ခါတလဲလဲပြုလုပ်နိုင်ပါသည်။

ဆုတောင်းချက်တွင် စကားလုံးမပြည့်စုံသော်လည်း အဓိပ္ပါယ်ပြည့်စုံနိုင်သည်။ ကျမ်းတတ်များက မဿဲ၊ ၇း၇–၈ တွင် "တောင်းလော့–ရှာလော့–ခေါက်လော့"ဟူသော စကားနောက်ကွယ်၌ အဆက်မပြတ်လုပ်ဆောင်ရန် သတိပေးစကားနဂိုကပင် ပေါ်နေကြောင်းပြောပါသည်။ အဓိပ္ပါယ် "ဆက်တောင်းပါ–ဆက်ရှာပါ–တံခါးကိုဆက်ခေါက်ပါ၊ ဆက်တောင်းလျှင်ရမည်–ဆက်ရှာလျှင်တွေ့မည်–တံခါးကိုဆက်ခေါက်လျှင် တံခါးဖွင့်လာမည်"

ယေရှုသည် ဖာရိရှဲများကို အချည်းနှီးအဓိပ္ပါယ်မဲ့ ထပ်ခါထပ်ခါဆုတောင်းခြင်းနှင့်ပတ်သက်ပြီး အပြစ်တင်ခဲ့သည်။ ဤနေရာတွင် "အဓိပ္ပါယ်မဲ့"ဟူရာ၌ အတွင်းတန်ဖိုးမဲ့ခြင်းကို ဆိုလိုသည်။ တောင်းလျှောက်ချက်အား ထပ်ခါထပ်ခါပြုခြင်းအတွက် ကိုယ်တော်ဘာမှမပြောပါ။ ဖာရိရှဲများ လူပုံအလယ်တွင် ရှုံးပြသည့်အနေနှင့်ပြုလုပ်ကြသော တန်ဖိုးမဲ့သောဆုတောင်းခြင်းကိုသာ ကိုယ်တော်ကဆိုလိုပါသည်။

(၄) အသနားခံရာ၌ ရိုးသားဖြောင့်မတ်စွာတောင်းရမည်။

ဆုတောင်းခြင်း၌ ပထမခြေလှမ်းမှာ ရိုးသားစွာဆုတောင်းဖို့ အလေ့အကျင့်ပြုလုပ်ခြင်းဖြစ်သည်ဟု ဝီလီယံပါကာနှင့် အီလိန်းစိန့် ဂွျန်းက ပြောသည်။ ဤကဲ့သို့ပြုရန် ကျွန်ုပ်တို့ကို ဘာကအနှောင့်အ ယှက်ပြုနေသည်ဆိုသောအကြောင်းကို ဖော်ပြရမည်။ ကျွန်ုပ်တို့၏ စိတ်ကူးအတွေးအားလုံးကို ဘုရားသခင်ရှေ့၌ ဖုံးကွယ်စရာအကြောင်းမရှိပါ။ ထိုအကြောင်းကို ကျွန်ုပ်တို့မစဉ်းစားခင်ကတည်းက ကိုယ်တော်ကသိနှင့်နေပြီးဖြစ်သည်။ ထို့ကြောင့် တကယ့်ရိုးသားမှုမ ရှိလျှင် ဘုရားသခင်ကိုထိခိုက်သည်ထက် ကျွန်ုပ်တို့ကို ပို၍ထိခိုက်စေသည်။ ဤနေရာတွင် အသနားခံဆုတောင်းခြင်းသည် ကုစားမှုအပိုင်း၌ အလွန်တန်ဖိုးရှိသည်။

(၅) အသနားခံဆုတောင်းခြင်းသည် ကျွန်ုပ်တို့အတွက် တစ်ပုံစံတည်းသော ဆုတောင်းခြင်းမဖြစ်ပါစေနှင့်။

နော်မန်– ပစ်တင်းဂါးက အထက်ပါခေါင်းစဉ်အတိုင်း ကျွန်ုပ်တို့ကို သတိပေးနှိုးဆော်ထားသည်။ အကြောင်းမှာ များစွာသောခရစ် ယာန်များက သူတို့၏လိုအပ်ချက်များကို တစ်ပုံကြီးတင်ပြခြင်းဖြင့် အချိန်ဖြုန်းတတ်ကြသည်။ ထိုသို့ဆုတောင်းခြင်းက တစ်ကိုယ်ကောင်းဆန်တတ်သောသဘောကို ဖြစ်စေပြီး ဘုရားသခင်၏ကြင်နာမှုမီးကိုငြိမ်းစေသည်။ ဆုတောင်းသည့်အခါ မိမိတို့လိုသောအရာများကို တောင်းနိုင်ပါသည်။ သို့သော် အသနားခံဆုတောင်းရခြင်းသည် ကျွန်ုပ်တို့အတွက် တစ်ပုံစံတည်းသာ ဆုတောင်းခြင်းအမျိုးအစားတော့ မဖြစ်သင့်ပါ။

**Dick Eastman**

(The Change the World School of Prayer)

အိမ်တိုင်ရာရောက်ခရစ်တော်၏သာသနာပြုအဖွဲ့
www.everyhomemyanmar.org
Condo(D–7), FMI–City, လှိုင်သာယာမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး။